ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၂၀၀ကျပ် K 200

# ပုသိမ်ခရိုင်တရားရုံး

## ၂၀၁၇ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁၁၈

ရေကြည်မြို့နယ်တရားရုံး၊ ၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၆၂တွင် (၂၂-၁၁-၂၀၁၇)ရက်နေ့က ချမှတ်ခဲ့သည့်စီရင်ချက်နှင့်ဒီကရီကို အယူခံတင်သွင်းခြင်း

| | | |
|---|---|---|
| ဦးသိန်းဇော် | နှင့် | ဦးစိုးဝင်း(ခ)ဦးမောင်စိုး |
| (အယူခံတရားလို) | | (အယူခံတရားပြိုင်) |

အယူခံတရားလိုအတွက် - တရားလွှတ်တော်ရှေ့နေ ဦးနေလင်းအောင်

အယူခံတရားပြိုင်အတွက် - အထက်တန်းရှေ့နေ ဦးဝင်းသိန်း

## စီ ရင် ချက်

ရက်စွဲ။ ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၂၁)ရက်

ရေကြည်မြို့နယ်တရားရုံး၏ ၂၀၁၆ခုနှစ်တရားမကြီးမှုအမှတ်၆၂တွင် မူလရုံးတရားလိုဦးစိုးဝင်း(ခ)ဦးမောင်စိုးက တရားပြိုင်ဦးသိန်းဇော်အပေါ် စိုက်ပျိုးရေးသုံးဆေးပစ္စည်းဖိုးငွေကျပ်(၇၇၄၄၀၀၀၀/-)ရလိုမှု စွဲဆိုသည်။ မူလမြို့နယ်ရုံးက (၂၂-၁၁-၂၀၁၇)ရက်နေ့တွင် မူလရုံးတရားလိုစွဲဆိုသည့် ငွေကျပ်(၇၇၄၄၀၀၀၀/-)ကိုစရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်ခဲ့သည်။ အဆိုပါအမိန့်ကို မူလရုံးတရားပြိုင်

တာဝန်ခံမိတ္တူမှန်

က ကျေနပ်မှုမရှိသဖြင့် ဤတရားမအယူခံမှု ကို တင်သွင်းခြင်းဖြစ်သည်။

မူလရုံးတရားလို၏ အဆိုလွှာတွင် ၂၀၁၃၊၂၀၁၄စိုက်ပျိုးရေးရာသီတွင် တရားပြိုင်က စိုက်ပျိုးရေးသုံးဆေးများ၊ မြေဩဇာများ အလီလီအကြွေးဝယ်ယူခဲ့ရာ (၂၈-၁၀-၂၀၁၄)အထိ တရားလိုအား စိုက်ပျိုးရေးသုံးဆေးပစ္စည်းဖိုးငွေကျပ် (၇၇၄၄၀၀၀/-)ပေးရန်ရှိကြောင်း တရားလိုနှင့် တရားပြိုင်တို့စာရင်းရှင်းလင်းပြီး (၂၈-၁၀-၂၀၁၄)ရက်နေ့ငွေ (၇၇၄၄၀၀၀/-)ကျပ်ပေးရန် ရှိကြောင်းဝန်ခံကတိပြုသည့်အပြင် အဆိုပါငွေကို (၂၅-၁၂-၂၀၁၅)နေ့တွင် ပေးဆပ်မည်ဟု သက်သေဦးအောင်ပြည့်စုံ၊ ဦးအေးမင်းစိုးနှင့်အခြားသက်သေများရှေ့တွင် စာချုပ်ချုပ်ဆို၍ တရားပြိုင်က လက်မှတ်ရေးထိုး လက်ဗွေနှိပ်ပေးခဲ့ကြောင်း၊ စာချုပ်ပါရက်ချိန်းစေ့သော နေ့တွင်တရားပြိုင်က ပေးဆပ်ခြင်းမရှိသဖြင့် တရားလို၏ရှေ့နေမှတဆင့် (၂၈-၄-၂၀၁၆)အကြောင်းကြားစာ ပေးပို့ပြီးနောက်ပိုင်း လိုက်နာခြင်းမရှိသဖြင့် တရားစွဲဆိုရခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

မူလရုံးတရားပြိုင်၏ပြင်ဆင်ချေပလွှာတွင် ၂၀၁၄ခုနှစ်သီးနှံပေါ်ချိန်တွင် ၂၀၁၃ခုနှစ်က တောင်သူများယူထားသော စိုက်ပျိုးရေးသုံးဆေးပစ္စည်းဘိုးငွေများကို တရားပြိုင်မှလိုက်၍ တောင်းပေးခဲ့ရပြီး၊ အချို့မှ ပေးဆပ်နိုင်မှုမရှိသဖြင့် ကြွေးကျန်နေခဲ့ပြီး ကြွေးကျသူများနှင့်အခြားသူများကို ထပ်မံရောင်းချခဲ့သဖြင့် တောင်သူများထံတွင် (၂၈-၁၀-၂၀၁၄)ရက်နေ့ထိ စုစုပေါင်း(၇၇၄၄၀၀၀/-)ကျပ် ကြွေးကျန်ခဲ့ကြောင်း၊တရားပြိုင်ထံတွင် ကြွေးကျန်ခြင်းမရှိကြောင်း၊ တရားလိုထံမှ တောင်သူများ ဝယ်ယူခဲ့သော စိုက်ပျိုးရေးသုံးပစ္စည်းများနှင့် မြေဩဇာဘိုးငွေများမှာပေးဆပ်ပြီးသောငွေနှင့် ကျန်ငွေမည်မျှရှိသည်ကို စာရင်းရှင်းခဲ့ပြီး ကျန်ငွေ (၇၇၄၄၀၀၀/-)ကျန်ရှိသည်ကို တောင်သူများထံ သီးနှံပေါ်ချိန်တွင် တရားပြိုင်မှ တောင်းပေးရန်အတွက် ငွေမှန်ကန်နေ၍ တရားပြိုင်မှတောင်းပေးရန် စာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ခြင်းသာဖြစ်ပြီး မည်သည့်သက်သေများ မရှိကြဘဲတောင်သူများထံထပ်မံ စာချုပ်ပြုတောင်းဆိုနိုင်ရန် ဟန်ဆောင်စာချုပ်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊

23/11/2018

တာဝန်ခံမိတ္တူမှန်

တောင် သူများအသုံးမပြုသော ပစ္စည်းများကို တရားလိုထံပြန်လည်ပေးပို့ခဲ့ခြင်းနှင့်
တောင် သူထံမှ စပါးခြွေလှည့်စက်နှင့် ဂွန်ဒေါင်းတစ်စီးတို့ကို အကြွေးဖြင့်သိမ်းယူ၍
တရားလိုအား အပ်နှံထားမှုများရှိ၍ စာရင်းထပ်မံရှင်းလင်းရန်ပြောဆိုခဲ့သော်လည်း
တရားလိုမှ ရှင်းလင်းပေးခဲ့ခြင်းမရှိကြောင်း၊ တရားလိုထံမှရယူထားသည့် ပစ္စည်းများ
ကို တရားပြိုင် ၏အမည်ဖြင့် ဘောင်ချာဖွင့်၍ ၂၀၁၃ခုနှစ်အတွင်း၌ ယူခဲ့သော
ပစ္စည်းများနှင့် ၂၀၁၄ခုနှစ်(၁)လပိုင်း(၂)လပိုင်းအတွင်း၌ ယူခဲ့သည့်ပစ္စည်းများကို
(၂၅-၂-၂၀၁၄)နောက်ဆုံးပေးသွင်းရန် ပစ္စည်းဝယ်သည့် ဘောင်ချာတွင်ရေးသား
ဖော်ပြခဲ့ကြောင်း၊ ၂၀၁၄ခုနှစ်အတွင်း၌ တရားလိုထံမှ အကြွေးဝယ်ယူခဲ့သည့် ပစ္စည်း
များ အတွက်ငွေကိုသီးနှံပေါ်သည့်အချိန်ဖြစ်သော (၂၅-၂-၂၀၁၅)ရက်နေ့တွင်
နောက်ဆုံးပေးသွင်းရန် ရေးသားဖော်ပြခဲ့ကြောင်း၊(၁-၁၂-၂၀၁၃)ခုနှစ်မှ (၆-၂-
၂၀၁၄)တရားလိုထံမှ စိုက်ပျိုးရေးသုံးဆေးများနှင့် ဆေးဖြန်းစက်၊မြက်ဖြတ်စက်များ
၏တန်ဘိုးကျပ် (၄၀၂၆၄၀၀၀/-)ဖိုးရယူခဲ့ပြီး (၂၈-၁၀-၂၀၁၄)ရက်နေ့တွင် တရားလို
ထံမှ ဆေးဖြန်းစက်အပါအဝင်ဆေးပစ္စည်းများနှင့် မြေသြဇာစုစုပေါင်း
(၁၃၄၉၃၃၀၀၀/-)ကျပ် ဖိုးရယူခဲ့ပြီး ထိုနေ့မှပင်တရားလိုအား ပေးရန်ရှိသည့်ကြွေး
များကိုပေးဆပ်ခြင်း၊ လက်ငင်းဝယ်ယူခြင်းတို့ဖြင့် စာရင်းရှင်းလင်းကြရာ တရားပြိုင်မှ
တရားလိုအား (၇၇၄၄၀၀၀၀/-)ကျပ်ပေးရန် ပေါ်ပေါက်ခဲ့ပြီး ထိုငွေကိုတောင်သူများ
ထံမှ တောင်းရမ်းပေးရန် သဘောတူခဲ့ကြောင်း၊တရားလိုထံသို့ (၂၈-၂-၂၀၁၅)နေ့
တွင် ပစ္စည်းအမယ်ပေါင်း(၄၀)ကိုပြန်လည်ပေးပို့ငွေ(၄၇၅၅၁၆၀၀/-)ကျပ်ဖိုးပြန်သွင်း
ပေးခဲ့ကြောင်း၊ရိတ်သိမ်းစက်(၁)လုံး၊ ဂွန်ဒေါင်းစက်(၁)လုံး ကာလတန်ကြေး(၃၆)
သိန်းဖြင့် (၁-၈-၂၀၁၅)ရက်နေ့တွင် တရားလိုအား ပေးသွင်းခဲ့ပြီး ဖြစ်ကြောင်း၊
တရားလိုအား ဆေးပစ္စည်းများ ပြန်သွင်းငွေ(၄၇၅၅၁၆၀၀/-)နှင့် ခြွေလှေ့စက်(၁)လုံး
နှင့် ဂွန်ဒေါင်းစက်(၁)လုံး တန်ဘိုး(၃၆)သိန်းကျပ် တရားပြိုင်မှပေးသွင်းခဲ့ပြီးဖြစ်၍
(၂၈-၁၀-၂၀၁၄)ရက်စွဲပါစာချုပ်ဖြင့် တရားလိုအားပေးသွင်းထားမှုကို စာရင်းမရှင်းရ
သေးသဖြင့် တရားလို၊တရားပြိုင် အကျိုးတူလုပ်ငန်းလုပ်ကိုင်သူများဖြစ်၍ စာရင်း
ရှင်းလင်းမှုမရှိဘဲ တရားစွဲဆိုခွင့်မရှိကြောင်း ---

23/11/2018

တာဝန်ခံမိတ္တူမှန်

မယူ၁၁၈/၁၇ စီရင်ချက် အဆက်-၄

အဆိုလွှာ၊ချေလွှာတို့အရငြင်းချက်များအဖြစ်-

(၁) တရားပြိုင်သည် တရားလိုထံမှ စိုက်ပျိုးရေးသုံးပစ္စည်းများကို အကြွေးဝယ်ယူသည်မှာ မှန်သလား။

(သို့မဟုတ်)

တရားလိုနှင့်တရားပြိုင်တို့သည် စိုက်ပျိုးရေးသုံးဆေးပစ္စည်း၊မြေသြဇာများကို တောင်သူများထံရောင်းချရာတွင် အကျိုးတူလုပ်ကိုင်ကြခြင်းဖြစ်သည်မှာ မှန်သလား။

(၂) တရားပြိုင်သည် တရားလိုအား စိုက်ပျိုးရေးသုံး ပစ္စည်းဘိုးငွေ (၇၇၄၄၀၀၀ိ/-)ပေးဆပ်ရမည်မှာ မှန်သလား။

(၃) တရားလိုသည် မည်သည့်သက်သာခွင့်ရထိုက်ပါသနည်း။ဖြစ်သည်။

မူလမြို့နယ်တရားရုံးက ငြင်းချက်(၁)အား တရားလို၊တရားပြိုင်တို့ အကျိုးတူလုပ်ကိုင်ကြခြင်းအား မမှန်ကြောင်းဖြေဆိုပြီး ငြင်းချက်(၂)အား မှန်ကြောင်းဖြေဆိုကာ တရားလိုတောင်းဆိုသော သက်သာခွင့်ကို စရိတ်နှင့်တကွ ရထိုက်ကြောင်းအမိန့်ချမှတ်ခဲ့သည်။

အယူခံတရားလို၏ရှေ့နေက ငြင်းချက်(၁)နှင့်(၂)အားမှန်ကြောင်း၊ မူလမြို့နယ်တရားရုံးစီရင်ချက်နှင့် ပတ်သက်၍တင်ပြလျှောက်လဲလိုခြင်းမရှိပါကြောင်း၊ငြင်းချက်(၃)တွင် တရားလိုတောင်းဆိုသော သက်သာခွင့်အား အနိုင်ဒီကရီချမှတ်ပေးခဲ့သောအမိန့်မှာ မှားယွင်းကြောင်း၊ တရားပြိုင်မှ တရားလိုအားငွေပေးဆပ်ရန် ကတိစာချုပ်ချုပ်ဆိုသော (၂၈-၁၀-၂၀၁၄)ရက်နေ့ နောက်ပိုင်း၌ စိုက်ပျိုးရေးသုံး ပစ္စည်းများအား (၂၈-၂-၂၀၁၅)ရက်နေ့တွင် ပြန်လည်ပေးသွင်းခဲ့ရာ တန်ဖိုးငွေအားဖြင့် (၄၇၅၅၁၆၀ိ/-)ဖြစ်ပြီး သက်သေခံ(၁)မှ (၁-ဃ)အထိ ဘောင်ချာများအား တရားလိုကိုယ်တိုင် တရားပြိုင်သို့ ပေးအပ်ခဲ့သည့်အတွက်(၁-၈-၂၀၁၅)ရက်နေ့တွင် ရိတ်သိမ်းခြွေလှည့်စက်(၁)လုံးနှင့် လယ်ယာသုံးစက်(၁)လုံးကို တန်ဘိုးငွေ(၁၆)သိန်းဖြင့် တရားလိုသည် တရားပြိုင်ထံမှ ရယူခဲ့ပါသည့်ဆိုသည့်အချက်မှာ ထင်ရှားကြောင်း၊ မူလမြို့နယ်ရုံးက တရားလိုဘက်မှ အဆိုပြုတောင်းဆိုသော

5/3/11/2018

တာဝန်ခံမိတ္တူမှန်

အချက်ကိုသာ ထည့်သွင်းသုံးသပ်၍ဆုံးဖြတ်ပြီး တရားပြိုင်ဘက်မှ ခုခံချေပချက်များအား တရားလိုကိုယ်တိုင် ထောက်ခံထွက်ဆိုထားပါလျှက် အမှု၌ထည့်သွင်းသုံးသပ်ခြင်းမရှိဘဲ တရားလိုအား အနိုင်ဒီကရီချမှတ်ပေးခဲ့ခြင်းမှာ မှားယွင်းကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်ရှေ့နေက မူလအမှုတွင် မူလတရားလိုမှ မူလတရားပြိုင်ထံတွင် စိုက်ပျိုးရေးသုံးဆေးပစ္စည်းဖိုးငွေ(၇၇၄၄၀၀၀/-)ကျပ် ရရန်ရှိကြောင်း၊ (၂၈-၁၀-၂၀၁၄)ရက်စွဲပါ ကတိစာချုပ်အား သက်သေခံ(က)အဖြစ် တင်ပြခဲ့ကြောင်း၊ စာချုပ်ပေါ်ရှိ မူလတရားပြိုင်ဦးသိန်းဇော်၏လက်မှတ်နှင့် လက်ဗွေအား ၎င်း၏လက်မှတ်၊လက်ဗွေမဟုတ်ကြောင်း ငြင်းဆိုခြင်းမရှိကြောင်း၊ စာချုပ်တွင် အသိသက်သေအဖြစ် လက်မှတ်ရေးထိုးခဲ့သော တရားလိုပြသက်သေများဖြစ်သော ဦးအောင်ပြည့်စုံ(လိုပြ-၄)နှင့် ဦးအေးမင်းစိုး(လိုပြ-၁)က ထောက်ခံထွက်ဆိုထားကြောင်း၊ မူလတရားပြိုင်၏ အထူးချေပချက်အဖြစ် ချေလွှာအပိုဒ်(၇)တွင် တရားလိုအား ပေးရန်ရှိသည့်ကြွေးများကို ပေးဆပ်ခြင်း၊လက်ငင်းဝယ်ယူခြင်းတို့ဖြင့် စာရင်းရှင်းလင်းကြရာ တရားပြိုင်မှ တရားလိုအား (၇၇၄၄၀၀၀/-)ကျပ်ပေးရန် ပေါ်ပေါက်နေခဲ့ပြီးဟု ချေပချက်အရ တရားလိုအား ပေးရန်ပေါ်ပေါက်လျှက်ရှိပါကြောင်း၊ မူလတရားပြိုင်ချေလွှာတွင် တရားလိုထံသို့ (၂၈-၂-၂၀၁၅)တွင် ပစ္စည်းအမယ် စုစုပေါင်း(၄၀)ကို ပြန်လည်ပေးပို့ရာ ငွေ(၄၇၅၅၁၆၀/-)ကျပ်ဖိုး ပြန် သွင်းခဲ့ကြောင်း၊ ချေပသော်လည်း မူလတရားပြိုင်မှ သက်သေခံတင်ပြသော ပြေစာများဖြစ်သည့် သက်သေခံ(၁)မှ(၁-ဃ)အား စာရင်းပေါင်းပါက ငွေ (၄၇၁၃၁၆၀/-)ကျပ်ဖြစ်သဖြင့် ချေလွှာပါဖော်ပြချက်မှာ မှားယွင်းကြောင်း၊ ရိတ်သိမ်းစက်(၁)လုံး၊ဂွန်ဒေါင်းစက်(၁)လုံးအား ကာလတန်ကြေးငွေ(၃၆)သိန်းဖြင့် ၁၃၇၇ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော်(၁)ရက် (၁-၈-၂၀၁၅)တွင် ပေးသွင်းခဲ့သဖြင့် တရားလိုအား ပေးသွင်းခဲ့ပြီးဖြစ်ကြောင်း ချေပသော်လည်း ရိတ်သိမ်းစက်၊ ဂွန်ဒေါင်းစက်တို့၏ ပိုင်ရှင်ဦးအောင်ဇော်ဦး(လိုပြ-၅)၏ ထွက်ချက်အရ အဆိုပါပစ္စည်းများအား မူလတရားပြိုင်တစ်ဦးတည်းအတွက် အကြွေးခုနှိမ်ပေးလိုက်ခြင်း

တာဝန်ခံမိတ္တူမှန်

မယူ၁၁၈/၁၇ စီရင်ချက် အဆက်-၆

မဟုတ်ဘဲ မူလတရားပြိုင်အားပေးရန်ရှိသောငွေ(၂၃)သိန်းကျပ်အားလည်းကောင်း၊ မူလတရားလိုအားပေးရန်ရှိသော ငွေအတွက်(၁၃)သိန်းကျပ်အားလည်းကောင်း၊ ပေးလိုက်ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ပါကြောင်း မူလတရားလိုအား မူလတရားပြိုင်မှ ငွေ(၇၇၄၄၀၀၀/-)ကျပ်ပေးရန်ရှိပါကြောင်း လျှောက်လဲတင်ပြသည်။

မူလရုံးအမှုတွဲအား စိစစ်သည် မူလရုံးတရားလိုက မူလရုံးတရားပြိုင်(အယူခံတရားလို)အပေါ်တွင် သက်သေခံ(က)(၂၈-၁၀-၂၀၁၄)ရက်စွဲပါ မြန်မာ့ဩဘာစိုက်ပျိုးရေးဆေးဖိုးငွေများပေးဆပ်ရန် ကတိဝန်ခံချက်စာချုပ်အရ မူလမြို့နယ်တရားရုံးတွင် (၂၂-၆-၂၀၁၆)ရက်နေ့က စွဲဆိုခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။

မူလရုံးတရားလို၏အဆိုလွှာအပိုဒ်(၃)တွင် တရားလိုနှင့်တရားပြိုင်တို့ စာရင်းရှင်းလင်းပြီး (၂၈-၁၀-၂၀၁၄)နေ့တွင် တရားပြိုင်က တရားလိုသို့ငွေ(၇၇၄၄၀၀၀/-)ကျပ်ပေးရန်ရှိကြောင်း ဝန်ခံကတိပြုသည့်အပြင် ၎င်းငွေကိုလည်း(၂၅-၁၂-၂၀၁၅)နေ့တွင် အကျေပေးဆပ်ပါမည်ဟု ဝန်ခံကတိပြုသဖြင့် အသိသက်သေများဖြစ်သော ဦးအောင်ပြည့်စုံ၊ ဦးအေးမင်းစိုး၊နှင့်အခြားသက်သေများရှေ့တွင် စာချုပ်ချုပ်ဆို၍ တရားပြိုင်က လက်မှတ်ရေးထိုးလက်ဗွေနှိပ်ခဲ့ပါသည်ဟုအဆိုပြုထားသည်။

ရုံးရှေ့ထွက်ဆိုရာတွင် "×××ဦးသိန်းဇော်မှာ အဆိုပါစက်(၂)ခုအားကျနော်ထံသို့ပေးပို့ပြီး ၎င်းပေးရမည့်ငွေထဲမှ (၂၃)သိန်းကျပ်ခုနှိမ်ခဲ့ခြင်းဖြစ်ပါ သည်။ ၎င်းစက်ဘိုးငွေများနှုတ်ပြီး ငွေ(၇၇၄၄၀၀၀/-)ကျပ် ကျန်ရှိက စာချုပ်ချုပ်ခြင်းဖြစ်ပါသည်"ဟု ထွက်ဆိုပြီးပြန်လှန်မေးရာတွင် "×××ကျနော်အား ဦးသိန်းဇော်မှ ၎င်းထံပေးပို့ထားသည့် မရောင်းရသည့်ပစ္စည်းများကိုကျနော်ထံ ပြန်ပို့မှုရှိခဲ့သည်ဆိုက မှန်ပါသည်။ ထိုသို့ပြန်ပို့ရာတွင် ဘောင်ချာဖွင့်၍ ပေးစေပြီး ဘောင်ချာအား ဦးသိန်းဇော်သို့ပြန်လည်ပေးခဲ့သည်ဆိုက မှန်ပါသည်။ ထိုဘောင်ချာတွင် ကျနော်ကိုယ်တိုင်လက်မှတ်ရေးထိုး၍ ပစ္စည်းလက်ခံပြီးပြန်လည်၍ ဘောင်ချာပေးခဲ့သည်ဆိုက မှန်ပါသည်။ပြန်လည်ပေးပို့သည့် ပစ္စည်းများကို (၂၈-၂-၂၀၁၅)နေ့တွင်

မိတ္တူမှန်

23/11/2018

<u>မယူ၁၁၈/၁၇ စီရင်ချက် အဆက်-၇</u>

ကျနော်လက်ခံခဲ့သည်ဆိုက မှန်ပါသည်။ ပြန်လည်ပေးပို့၍ လက်ခံရရှိသည်”ဟု ထွက်ဆိုထားပြန်သည်။

မူလအမှုတွဲတွင် မူလရုံးတရားပြိုင်(အယူခံတရားလို) ဘက်ကမူလရုံး တရားလိုအား ပြန်လည်ပေးပို့ခဲ့သည့် ပစ္စည်းများအား သက်သေခံ(၁)မှ(၁-ဃ)ပါ (၂၈-၂-၂၀၁၅)ရက်စွဲပါ စည်သူထွန်းမြန်မာ ဩဘာစိုက်ပျိုးရေးဆေး အရောင်းဆိုင် အမည်ပါ ပြေစာ(၅)စောင်အားသက်သေခံအဖြစ် တင်ပြထားသည်ကို တွေ့ရ သည်။

ထို့ပြင် မူလရုံးတရားလို (အယူခံတရားပြိုင်)ဦးစိုးဝင်း(ခ)ဦးမောင်စိုး အား ရုံးရှေ့ပြန်လှန်မေးရာတွင်“ ××××အဆိုပါ သက်သေခံဘောင်ချာများဖြင့် ပြန်လည်ပေးပို့သည့် ဆေးပစ္စည်းများ စုစုပေါင်းတန်ဘိုးမှာ (၄၇၅၅၀၆၀/-)ဖြစ် သည်ဆိုက မှန်ပါသည်။ထို့ပြင် (၁-၈-၂၀၁၅)ရက်နေ့တွင် ရိတ်သိမ်းခြွေလှည့်စက် တစ်လုံးနှင့်လယ်ယာသုံးစက်တစ်လုံးကို တန်ဘိုးငွေ(၃၆)သိန်းဖြစ်၍ ကျနော်ထံပေး အပ်ခဲ့သည်ဆိုက မှန်ပါသည်”ဟု ထွက်ဆိုထားရာ သက်သေခံ(က) မူလရုံးတရားလို တရားပြိုင်တို့(၂)ဦးရေးသား ချုပ်ဆိုခဲ့သည့်နေ့မှာ (၂၈-၁၀-၂၀၁၄)ဖြစ်ပြီး တရား စွဲဆိုခဲ့သည့်နေ့မှာ (၂၂-၆-၂၀၁၆)ဖြစ်သဖြင့် အဆိုပါစက်(၂)လုံးပြန်အပ်ခဲ့သည့် နေ့မှာ (၁-၈-၂၀၁၅)ဖြစ်ရာ မူလရုံးတရားလို တရားမစွဲဆိုမီအချိန်က အဆိုပါ စက်(၂)ခုနှင့်သက်သေခံ(၁)မှ (၁-ဃ)ဘောင်ချာပြေစာ(၅)စောင်ပါ ပစ္စည်းအား မူလရုံးတရားလိုထံသို့ တရားပြိုင်များမှ တောင်သူများမသုံးစွဲသည့် ပစ္စည်းများအား (၂၈-၂-၂၀၁၅)ရက်နေ့တွင် ပြန်လည်အပ်နှံခဲ့ခြင်းဖြစ်ကြောင်း မြင်သာသည်။

ယင်းအချက်များကို မူလရုံးတရားလိုက အဆိုလွှာ၌ တစ်စုံတရာဖော် ပြခဲ့ခြင်းမရှိဘဲ ရုံးရှေ့ထွက်ဆိုရာတွင်မှသာ မှန်ကြောင်းထွက်ဆိုထားရာ ကွဲလွဲလျှက် ရှိပေသည်။

ယုတ်စွ. အဆုံး သက်သေခံ(က)စာချုပ်အား မူလရုံးတရားလို၊တရား ပြိုင်တို့(၂)ဦး ရေးသားချုပ်ဆိုစဉ်က မည်ကဲ့သို့ စာရင်းရှင်းလင်းခဲ့ကြပြီးစာချုပ် ရေး

မိတ္တူမှန်

၇၃/၁၁/၂၀၁၈

သားချုပ်ဆိုခဲ့ကြောင်းမျှကိုပင် ထွက်ဆိုချက်မရှိပေ။ထို့ပြင်အဆိုလွှာ၌လည်း ဖော်ပြခဲ့ခြင်းမရှိပေ။

အယူခံတရားလို(မူလရုံးတရားပြိုင်)၏ချေပလွှာအပိုဒ်(၈)တွင် တောင်သူများမသုံးစွဲသည့် ဆေးပစ္စည်းများကို ပြန်လည်သိမ်းယူ၍ တရားလိုထံသို့ (၂၈-၂-၂၀၁၅) တွင်ပစ္စည်းအမယ်စုစုပေါင်း(၄၀)ကို ပြန်လည်ပေးပို့ရာ စုစုပေါင်း(၄၇၅၅၁၆၀ိ/-)ကျပ်ဘိုးကို တရားလိုသို့ ပြန်လည်ပေးသွင်းခဲ့ပါသည်ဟု ချေပထားသည်။ထို့ပြင် ရုံးရှေ့တွင် ထိုကဲ့သို့ပင် ထွက်ဆိုထားသည်။ ယင်းအချက်ကို မူလရုံးတရားလိုက မှန်ကြောင်းဝန်ခံထားသည်ကို တွေ့ရသည်။ သက်သေခံ(က)စာချုပ်ပါ သက်သေ များဖြစ်ကြသည့် ဦးအေးမင်းစိုး(လိုပြ-၁)နှင့် ဦးအောင်ပြည့်စုံ(လိုပြ-၄)တို့က သက်သေခံ(က)စာချုပ်တွင် အသိသက်သေအဖြစ် လက်မှတ်ရေးထိုးခဲ့ကြောင်း ထွက်ဆိုထားရာ သက်သေခံ(က)စာချုပ်ပါ အချက်များမှာ အငြင်းပွားမှုမရှိသော်လည်း သက်သေခံ(က) စာချုပ်ချုပ်ဆိုပြီး နောက်ပိုင်း တရားမစွဲဆိုမီအချိန်က မူလရုံး တရားပြိုင်များဘက်က တောင်သူများမသုံးစွဲသည့် ဆေးများအမယ်(၄၀)အား ပြန် လည်အပ်နှံခဲ့ခြင်းအပေါ် စာရင်းရှင်းလင်းမှုမရှိဘဲ မူလရုံးတရားလိုက သက်သေခံ (က)စာချုပ်အား အားကိုးအားထားပြု၍ တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း သုံးသပ် တွေ့ရှိရသည်။

သို့ဖြစ်ရာ မူလရုံးက ငြင်းချက်အမှတ်(၃)တွင် မူလရုံးတရားလို တောင်းဆိုသည့် သက်သာခွင့်အဖြစ် ငွေကျပ်(၇၇၄၄၀၀၀ိ/-)(ခုနစ်ဆယ့်ခုနစ် သိန်းလေးသောင်းလေးထောင်) အား စရိတ် နှင့်တကွဒီကရီ ချမှတ်ခဲ့ခြင်းသည် မှန်ကန် သည်ဟု ဆိုနိုင်မည်မဟုတ်သဖြင့် ဝင်ရောက်စွက်ဖက်၍ ဤအယူခံမှုတွင် ပြင်ဆင် ချမှတ်ရမည်ဖြစ်သည်။

ထို့ကြောင့် ဤအယူခံမှုကို ခွင့်ပြုသည်။

ရေကြည်မြို့နယ်တရားရုံးက ၂၀၁၅ခုနှစ်တရားမကြီးမှုအမှတ်၆၂ တွင် (၂၂-၁၀-၂၀၁၇)ရက်နေ့က ချမှတ်ခဲ့သည့် စီရင်ချက်နှင့်ဒီကရီကိုပယ်ဖျက်လိုက်

တာဝန်ခံမိတ္တူမှန်

23/11/2018

မယူ၁၁၈/၁၇ စီရင်ချက် အဆက်-၉

ပြီး မူလရုံးတရားလို စွဲဆိုသောအမှုအား စရိတ်နှင့်တကွပလပ်လိုက်သည်။

ရှေ့နေခ(၅၀၀၀ိ/-) ကျပ်သတ်မှတ်သည်။

( ချစ်ကိုကို )
ဒုတိယခရိုင်တရားသူကြီး(၂)
ပုသိမ်ခရိုင်တရားရုံး

တာဝန်ခံမိတ္တူမှန်

23/11/2018